
# ထိုင်ခုံခွက်ကို ကားထိုင်ခုံ အဖြစ်သို့ပြောင်းခြင်း

သင့်ကလေးကို ကားထိုင်ခုံခွက်အသုံးပြုခြင်းမှရပ်ရန် မည်သည့်အချိန်သည် ဘေးအကင်းဆုံးဖြစ်သနည်း။



### အရေးကြီးသောအချက်

ဩစတေးလျ ကားထိုင်ခုံဥပဒေအရ ၆ လအရွယ်ထိရှိသော ကလေးများသည် အနောက်သို့မျက်နှာမူသော အနေအထား ဖြင့်သာ ထိုင်ရမည်ဖြစ်သည်။

ထိုအနေအထားသည် ကလေးများ၏ လည်ပင်းအတွက် သက်သောင့်သက်သာ ရှိစေပြီး မတော်တဆဖြစ်သော အခြေအနေများတွင် ပိုမိုအန္တရာယ်ကင်း စေနိုင်မည် ဖြစ်သည်။

## ကလေးကားထိုင်ခုံခွက်

ကလေးကားထိုင်ခုံခွက်တစ်ခုတွင် ကားတွင်အသေတပ်ဆင်ထားရသော အောက်ခံအထိုင်နှင့် ဖြုတ်၍ရသော ကလေးကားထိုင်ခုံခွက်တစ်ခုတို့ပါဝင်ပြီး အနောက်သို့မျက်နှာမူထားသောအနေအထားဖြင့် တပ်ဆင်ထားသည်။

ကလေးကားထိုင်ခုံခွက်သည် မွေးကင်းစကလေးငယ်များအတွက် အထူးသင့်လျော်ပြီး အသက် ၆ လမှ ၁၂ လအရွယ်ကလေးများ သို့မဟုတ် ကားထိုင်ခုံခွက်ကို အသုံးပြုနိုင်သော အမြင့်ဆုံး ပခုံးအမြင့်သတ်မှတ်ချက်ကို ရောက်သည်အထိ အသုံးပြုနိုင်ရင် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ကလေးများသည် အမြင့်သတ်မှတ်ချက်ကို ကျော်လွန်သွားပါက အနောက်သို့ မျက်နှာမူထားသော ကားထိုင်ခုံကို ပြောင်းလဲအသုံးပြုရန် အကြံပြုပါသည်။



# ထိုင်ခုံခွက်မှ ကားထိုင်ခုံတွင် ပြောင်းထိုင်ခြင်း

သင့်ကလေးကို ကားထိုင်ခုံခွက်အသုံးပြုခြင်းမှရပ်ရန် မည်သည့်အချိန်သည် ဘေးအကင်းဆုံးဖြစ်သနည်း။

## ကလေးကားထိုင်ခုံ

မွေးကင်းစကလေး ကားထိုင်ခုံသည် ကားထိုင်ခုံခွက်နှင့်မတူဘဲ ယာဉ်အတွင်းတွင် တပ်ဆင်ထားပြီး ကလေးကို ယာဉ်အတွင်းတွင် သိုင်းကြိုးဖြင့် ထိန်းထားခြင်းဖြစ်သည်။

၎င်းတို့ကို မွေးကင်းစကလေးများ သို့မဟုတ် ကလေးကားထိုင်ခုံခွက်ကို အသုံးပြုနိုင်သည့်အရွယ်ကျော်လွန်သွားသောကလေးများအတွက် အသုံးပြုနိုင်သည်။

ပုံစံပြောင်းနိုင်သော ကားထိုင်ခုံများသည် အရှေ့ဘက်အပြင် အနောက်ကိုပါ မျက်နှာမူနိုင်သောပုံစံများအဖြစ် တီထွင်ထုတ်လုပ်ထားခြင်းကြောင့် အချို့မိဘများသည် မွေးကင်းစကလေးများအတွက် ၎င်းတို့ကို အသုံးပြုကြသော်လည်း ကလေးသည် အနောက်မျက်နှာမူထိုင်ခုံ၏ အမြင့်ဆုံး ပခုံးသတ်မှတ်ချက်ကို ရောက်ရှိသည့်အရွယ်အထိ အနောက်မျက်နှာမူထိုင်ခုံကိုသာ အသုံးပြုရန် အကြံပြုပါသည်။





ပုံစံပြောင်းနိုင်သော ကားထိုင်ခုံအချို့တွင် အနောက်မျက်နှာမူထိုင်ခုံ အသုံးပြုနိုင်သည့် နည်းလမ်းများကို ထပ်တိုးထားသောကြောင့် ကလေးများ အသက် ၂ နှစ် မှ ၃ နှစ်အရွယ် (၃၀ လ) အထိ အနောက်ဘက်မျက်နှာမူသော ကားထိုင်ခုံပုံစံကို အသုံးပြုနိုင်မည်ဖြစ်သည်။

သင်၏ကလေးသည် အနောက်ဘက်မျက်နှာမူသော ကားထိုင်ခုံတွင် သတ်မှတ်ထားသည့် အမြင့်ဆုံး ပခုံးအမြင့်သတ်မှတ်ချက်ကို ကျော်လွန်သွားပါက ကားထိုင်ခုံကို အရှေ့ဘက် မျက်နှာမူသောပုံစံအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။

*- ပိုမိုသိရှိနိုင်ရန် နောက်စာမျက်နှာကိုကြည့်ပါ။*

ROADSAFE RANGERS

# အနောက်ဘက်မျက်နှာမူသောထိုင်ခုံမှ အရှေ့ဘက်မျက်နှာမူသော ထိုင်ခုံအဖြစ် ပြောင်းခြင်း

သင်၏ ကလေးကားထိုင်ခုံကို နေရာလှည့်ရန် ဘေးအကင်းဆုံးအချိန်သည် မည်သည့်အချိန်ဖြစ်သနည်း။

အချို့သော အနောက်ဘက်မျက်နှာမူသည့် ကားထိုင်ခုံများတွင် ပခုံးအမြင့်အမှတ်သည် တစ်ခုသာရှိသည်။ ကျန်ထိုင်ခုံများတွင်မူ အရှေ့သို့မျက်နှာမူသည့်အနေအထားသို့ပြောင်းနိုင်သည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ပခုံးအမှတ်ဟူ၍ နှစ်ခုရှိပြီး သင်၏ ကလေးကားထိုင်ခုံတွင် ထပ်တိုးအမှတ်များရှိပါက အနောက်ဘက်မျက်နှာမူသည့် ကားထိုင်ခုံ၏ အမြင့်ဆုံး အရွယ်အစား သတ်မှတ်ချက်ရောက်သည်အထိ သင်၏ကလေးအတွက် အနောက်ဘက်မျက်နှာမူသည့် ထိုင်ခုံကိုသာ အသုံးပြုပါ။

ကလေး၏ ပခုံးများသည် ကားထိုင်ခုံပေါ် ရှိ “အနောက်ဘက်မျက်နှာမူသောထိုင်ခုံကိုသာ အသုံးပြုရမည်” ဟူသောအမှတ်ကို ကျော်လွန်သွားမှသာ အရှေ့ဘက်မျက်နှာမူသော ထိုင်ခုံကို ပြောင်းလဲအသုံးပြုနိုင်သည်။





## အ ရေးကြီးသော အချက်

***အသက် ၆ လမှ ၄ နှစ်အရွယ် ကလေးများသည် အောက်ဖော်ပြပါ အသိအမှတ်ပြု ထိုင်ခုံတစ်ခုခုကို မဖြစ်မနေအသုံးပြုရမည်-***

- သိုင်းကြိုး တစ်ပါတည်းပါရှိသော အနောက်ဘက်သို့မျက်နှာမူသည့် ကလေးကားထိုင်ခုံ သို့မဟုတ်
- သိုင်းကြိုး တစ်ပါတည်းပါရှိသော အရှေ့ဘက်သို့မျက်နှာမူသည့် ကလေးကားထိုင်ခုံ
- ယာဉ်တွင် နည်းစနစ်တကျ တပ်ဆင်ထားရမည်
- ကလေး၏ခန္ဓာကိုယ်နှင့် ကွက်တိကျစေရန် ချိန်ညှိထားရမည်။
- အရှေ့ဘက်မျက်နှာမူသောထိုင်ခုံကို အသုံးပြုရမည့် ပခုံးအမြင့်အမှတ်တွင် ရှိနေရမည်

## မှတ်သားထားရန်

အသက် ၄ နှစ်အောက် ကလေးများသည် ထိုင်ခုံနှစ်တန်း သို့မဟုတ် နှစ်တန်းထက်ပိုသော ထိုင်ခုံရှိသည့် ယာဉ်များ၏ အရှေ့ထိုင်ခုံတွင် လိုက်ပါစီးနင်းခြင်း မပြုရပါ။

Child Accident Prevention Foundation of Australia

Kidsafe ဝန်ဆောင်မှုများသည် ပြည်နယ်နှင့် ဒေသအလိုက် ပြောင်းလဲနိုင်သည်။
ပိုမိုသိရှိနိုင်ရန်နှင့် အကြံပြုချက်များ ရယူနိုင်ရန် သင်၏ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ တာဝန်ခံအရာရှိအား ဆက်သွယ်မေးမြန်းပါ။
ဖော်ပြပါအချက်အလက်အားလုံးသည် ထုတ်ဝေချိန်အထိ မှန်ကန်မှု ရှိပါသည်